မိုင်းခွန်ကျေးရွာအုပ်စု၊ ကုံးမုံးကျေးရွာ

မိုင်းကိုင်မြို့နယ်

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းစာတမ်း (၂၀၂၆-၂၀၃၀)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကော်မတီ

မိုင်းခွန်ကျေးရွာအုပ်စု၊ ကုံးမုံးကျေးရွာ၊မိုင်းကိုင်မြို့နယ်

(ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကူညီရေးဆွဲသည်)

၂၀၂၆၊ နိုဝင်ဘာလ

မာတိကာ

စဉ်	အကြောင်းအရာ	
	စကားချီး	
	ကုံးမုံးကျေးရွာ ကျေးရွာသယံဇာတပြမြေပုံ၊ မိုင်းကိုင်မြို့နယ်	
	ကုံးမုံးကျေးရွာ ကျေးရွာ ရာသီခွင်ပြပြက္ခဒိန် မိုင်းကိုင်မြို့နယ်	
	ကုံးမုံးကျေးရွာ အဖွဲ့အစည်းချိတ်ဆက်ပြပုံ မိုင်းကိုင်မြို့နယ်	
၁။	**တည်နေရာနှင့် ပထဝီဝင် အနေအထား**	
၂။	**ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ**	
၃။	**ကျေးရွာလူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ**	
၄။	**ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ**	
၅။	**စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ**	
	(က) သီးနှံ စိုက်ပျိုးရေး	
	(ခ) မွေးမြူရေးလုပ်ငန်း	
	(ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ	
	(ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု	
၆။	**အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ**	
	(က) ကျေးလက် သယ်ယူပို့ဆောင်ရေး	
	(ခ) ကျေးရွာ မီးလင်းရေး	
	(ဂ) သတင်းနှင့် ဆက်သွယ်ရေး	
၇။	**ပညာရေး**	
၈။	**ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး**	
၉။	**ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး**	
၁၀။	**ကျား-မ ရေးရာ ကိစ္စရပ်ဆိုင်ရာ**	
၁၁။	**ဦးစားပေးဆောင်ရွက်မည့် အဆိုပြု စီမံချက်လုပ်ငန်းများ**	
	နောက်ဆက်တွဲ (၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ စာရင်း	
	နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ	
	နောက်ဆက်တွဲ (၃) ကျေးရွာ ဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှု အခြေပြဇယား	
	နောက်ဆက်တွဲ (၄) ဦးစားပေးစီမံချက်များ	
	နောက်ဆက်တွဲ(၅)အကောင်ထည်ဖော်ဆောင်ရွက်မည့် ကာလသတ်မှတ်ခြင်း	
	နောက်ဆက်တွဲ (၆) စီမံကိန်းအဆိုပြုလွှာ။	

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်မှ ၂၀၂၉-၂၀၃၀ ခုနှစ်အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ကျေးရွာ၏ ပထမဦးဆုံးသော လူထုအများစုပေါင်း ပါဝင်ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံကိန်းဖြစ်မြောက်ရေးအတွက် လိုအပ်သောနည်းပညာများ ပံ့ပိုးပေးသော သမဝါယမနှင့် ကျေးလက် ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင် ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက် ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာ ဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။


ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ်ဆောင်ရွက်ခဲ့ကြသော် လည်း လူထုအများစုနှစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံး လုပ်နည်း များကိုမသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့ အချင်းချင်း တိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် သင်တန်း လုပ်ဆောင်ပေးရုံသာမက နည်းပေး လမ်းပြကူညီပံ့ပိုးပေးသည့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ဝန်ထမ်းများက စီစဉ်ဆောင် ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး ကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင် ထပ်မံလိုအပ်သောကိန်းဂဏန်း၊ အချက်အလက်များနှင့်နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့်ဌာနဆိုင်ရာ များမှရယူရန် လိုအပ်ကြောင်းကိုလည်း ကောင်းစွာသိရှိခဲ့ပါ သည်။

ယခုရေးဆွဲထားသောအစီအစဉ်ကို ထပ်မံရရှိသည့်ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းမွန်လာမည်မှာ သေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာ သည့် အခက်အခဲများနှင့် ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်း ပြုပြင် ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွားရပါမည်။


ဤအစီအစဉ်တွင် အဓိကအားဖြင့် ကျေးရွာ၏ လက်ရှိဖွံ့ဖြိုးရေးအခြေအနေ၊ ဦးစားပေးဆောင်ရွက် မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ နှစ်စဉ်ဦးစားပေးစီမံချက် အဆိုပြုလွှာ၊ ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက် မှုအခြေပြဇယား စသည်တို့ကို အဓိကထား ဖော်ပြထားပါသည်။

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
ကုံးမုံးကျေးရွာ
မိုင်းကိုင်မြို့နယ်

မိုင်းကိုင်မြို့နယ်၊မိုင်းခွန်ကျေးရွာအုပ်စု၊ကုံးမုံးကျေးရွာ၏ သယံဇာတပြမြေပုံ




မိုင်းကိုင်မြို့နယ်၊မိုင်းခွန်ကျေးရွာအုပ်စု၊ကုံးမုံးကျေးရွာ၏ ရာသီခွင်ပြပုံ



မိုင်းကိုင်မြို့နယ်၊မိုင်းခွန်ကျေးရွာအုပ်စု၊ကုံးမုံးကျေးရွာ၏ အဖွဲ့အစည်းများနှင့် ချိတ်ဆက်မှုပြပုံ

အဖွဲ့အစည်းချိတ်ဆက်ပြပုံ (Vann Diagram)

.....ကုံးမုံး..... ကျေးရွာ၊ .....မိုင်းခွန်..... ကျေးရွာအုပ်စု၊ မိုင်းကိုင် မြို့နယ်။



ရက်စွဲ။ ။

မိုင်းကိုင်မြို့နယ်၊မိုင်းခွန်ကျေးရွာအုပ်စု၊ကုံးမုံးကျေးရွာဖွံ့ဖြိုးရေးကော်မတီ

စဉ်	ခရိုင်	မြို့နယ်	ကျေးရွာအုပ်စု	ကျေးရွာ	အမည်	ရာထူး	ဖုန်းနံပါတ်	မှတ်ချက်
၁	လွိုင်လင်	မိုင်းကိုင်	မိုင်းခွန်	ကုံးမုံး	စိုင်းဝိစိတ္တ	ဥက္ကဋ္ဌ	၀၉ ၄၀၆၆၄၀၆၈၈	
		မိုင်းကိုင်	မိုင်းခွန်	ကုံးမုံး	စိုင်းညွန့်စိန်	အဖွဲ့ဝင်		
		မိုင်းကိုင်	မိုင်းခွန်	ကုံးမုံး	စိုင်းပန်းမောင်	အတွင်းရေးမှူး		
		မိုင်းကိုင်	မိုင်းခွန်	ကုံးမုံး	စိုင်းမူးလိန်	အဖွဲ့ဝင်		
		မိုင်းကိုင်	မိုင်းခွန်	ကုံးမုံး	ပါဖုံ	အဖွဲ့ဝင်		
		မိုင်းကိုင်	မိုင်းခွန်	ကုံးမုံး	ပါဖုန်း	အဖွဲ့ဝင်		
		မိုင်းကိုင်	မိုင်းခွန်	ကုံးမုံး	ပါဖိမ်း	အဖွဲ့ဝင်		

၁။ တည်နေရာနှင့် ပထဝီဝင် အနေအထား

ကုံးမုံးကျေးရွာသည် ရှမ်းပြည်နယ်တောင်ပိုင်း၊ လွိုင်လင်ခရိုင်၊ မိုင်းကိုင်မြို့နယ်၊ မိုင်းခွန်ကျေးရွာအုပ်စုအတွင်း တည်ရှိသော ကျေးရွာတစ်ရွာဖြစ်သည်။ ကျေးရွာ၏ တည်နေရာသည် မြောက်လတ္တီတွဒ် ၂၁.၉၃၆၈၉၄ ဒီဂရီနှင့် အရှေ့လောင်ဂျီတွဒ် ၉၇.၅၃၉၂၁၉၁ ဒီဂရီတွင် တည်ရှိသည်။

၂။ ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ

ကုံးမုံးကျေးရွာတွင် စိုက်ပျိုးနိုင်သောမြေဧရိယာ စုစုပေါင်း ၁၄၂ ဧကရှိကြောင်း ဖော်ပြထားပြီး ယာမြေ/တောင်ယာမြေ ၁၂၈ ဧကနှင့် လယ်မြေ ၁၅ ဧက ပါဝင်သည်။ စိုက်ပျိုးမြေအများစုမှာ ယာမြေ/တောင်ယာမြေဖြစ်ပြီး မြေဆီလွှာအရည်အသွေးမှာ သင့်တင့်သောအခြေအနေရှိသည်။ သဘာဝ ရင်းမြစ်များအနေဖြင့် သတ္တုနှင့်တွင်းထွက်သယံဇာတ၊ ကျောက်၊ သဲ၊ ကျောက်စရစ်၊ သဘာဝ တိရစ္ဆာန်မျိုးစိတ်၊ မြေအောက်ရေနှင့် သစ်တောသယံဇာတများကို သဘာဝအတိုင်း တွေ့ရှိနိုင်မှုမရှိကြောင်း ဖော်ပြထားသည်။ သဘာဝအပင်မျိုးစိတ်များလည်း အနည်းငယ်သာရှိပြီး အသုံးချနိုင်မှု နည်းပါးသည်။

၃။ ကျေးရွာလူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ

ကုံးမုံးကျေးရွာတွင် အိမ်ထောင်စု ၃၆ စုရှိပြီး လူဦးရေစုစုပေါင်း ၁၆၇ ဦးရှိသည်။ အမျိုးသား ၆၇ ဦးနှင့် အမျိုးသမီး ၁၀၀ ဦးဖြစ်သဖြင့် အမျိုးသမီးဦးရေမှာ အမျိုးသားဦးရေထက် ပိုမိုများပြားသည်။ အသက် ၁၅ နှစ်မှ ၆၄ နှစ်အတွင်း အလုပ်လုပ်နိုင်သည့် လူဦးရေ ၁၁၇ ဦးရှိသဖြင့် ကျေးရွာ၏ လုပ်သားအင်အားအများစုမှာ အလုပ်လုပ်နိုင်သည့် အသက်အရွယ်တွင် ရှိနေကြောင်း တွေ့ရှိရသည်။

ဥစ္စာဓနအဆင့်အလိုက် လေ့လာကြည့်ရာ အဆင်ပြေသောအိမ်ထောင်စု ၄ စု၊ အလယ်အလတ် ရှိသောအိမ်ထောင်စု ၇ စု၊ မပြေလည်သောအိမ်ထောင်စု ၂၃ စုနှင့် အလွန်မပြေလည်သောအိမ်ထောင်စု ၂ စုရှိသည်။ ထို့ကြောင့် အိမ်ထောင်စုအများစုမှာ စီးပွားရေးအခြေအနေ အားနည်းနေကြောင်း တွေ့ရှိရသည်။ ထို့အပြင် ဝမ်းစာဖူလုံမှုဆိုင်ရာ အချက်အလက်တွင် အိမ်ထောင်စု ၈ စုသည် ၆ လမှ ၁၂ လအထိ ဝမ်းစာဖူလုံမှုရှိကြောင်း ဖော်ပြထားပြီး အဆိုပါအိမ်ထောင်စုများသည် လုပ်အားခကြိုယူသည့်နည်းလမ်းကို အသုံးပြုထားကြသည်။

ကျေးရွာတွင် ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော သက်ကြီးရွယ်အိုနှင့် မသန်စွမ်းသူများကို သက်ဆိုင်ရာမိသားစုများက တာဝန်ယူစောင့်ရှောက်လျက်ရှိကြောင်း ဖော်ပြထားသည်။ အမျိုးသမီးဦးဆောင်သော ဆင်းရဲသည့်အိမ်ထောင်စုများ၊ ဆင်းရဲသားတောင်သူများနှင့် လက်လုပ်လက်စား၊ ကျပန်းလုပ်သားများမှာ ထိခိုက်လွယ်မှု အလယ်အလတ်အဆင့်ရှိကြောင်း တွေ့ရှိရသည်။ ထို့ကြောင့် ဆင်းရဲနွမ်းပါးသောအိမ်ထောင်စုများ၏ အသက်မွေးဝမ်းကျောင်းအခွင့်အလမ်းနှင့် လူမှုစီးပွားရေး အခြေအနေ တိုးတက်စေရန် အလေးထားဆောင်ရွက်ရန် လိုအပ်ပါသည်။

၄။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

ကုံးမုံးကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို စီစဉ်ဆောင်ရွက်ရန် ကျေးရွာဖွံ့ဖြိုးရေး ကော်မတီကို ဖွဲ့စည်းထားပြီး ကော်မတီတွင် ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ ပါဝင်ဆောင်ရွက် လျက်ရှိသည်။

ထို့အပြင် အုပ်ချုပ်ရေးအဖွဲ့၊ ဖွံ့ဖြိုးရေးအဖွဲ့၊ ကျေးရွာလူငယ်အဖွဲ့နှင့် ရပ်မိရပ်ဖအဖွဲ့ စုစုပေါင်း လူထုအခြေပြုအဖွဲ့အစည်း ၄ ဖွဲ့ရှိပြီး အဖွဲ့ဝင်စုစုပေါင်း ၃၂ ဦး ပါဝင်သည်။ အဆိုပါအဖွဲ့အစည်းများသည် လူမှုရေး၊ သာရေးနာရေး၊ လူမှုဖွံ့ဖြိုးရေးနှင့် ကျေးရွာလုံခြုံရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ကြပြီး စွမ်းဆောင်နိုင်မှုမှာ သင့်တင့်သောအဆင့်တွင် ရှိသည်။

၅။ စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(က) သီးနှံ စိုက်ပျိုးရေး

ကုံးမုံးကျေးရွာ၏ အဓိကအသက်မွေးဝမ်းကျောင်းလုပ်ငန်းမှာ လယ်ယာစိုက်ပျိုးရေးဖြစ်သည်။ အိမ်ထောင်စု ၃၆ စုမှ မိသားစုဝင်လုပ်အား ၈၁ ဦး ပါဝင်လုပ်ကိုင်လျက်ရှိသည်။ စိုက်ပျိုးမြေပိုင်ဆိုင်မှုအရ ၂.၅ ဧကအောက် ပိုင်ဆိုင်သူ ၂၅ စု၊ ၂.၅ ဧကမှ ၅ ဧကကြား ပိုင်ဆိုင်သူ ၇ စု၊ ၅ ဧကမှ ၁၂.၅ ဧကကြား ပိုင်ဆိုင်သူ ၂ စုနှင့် ၁၂.၅ ဧကအထက် ပိုင်ဆိုင်သူ ၂ စုရှိသည်။ ထို့ကြောင့် အိမ်ထောင်စုအများစုမှာ စိုက်ပျိုးမြေပိုင်ဆိုင်မှုနည်းပါးကြောင်း တွေ့ရှိရသည်။

အဓိကစိုက်ပျိုးသောသီးနှံများမှာ စပါး၊ ပြောင်းနတို့ဖြစ်သည်။ ပြောင်းကို ၁၂၈ဧက၊ နှင့် စပါးကို ၁၅ ဧက စိုက်ပျိုးကြသည်။ တစ်ဧကပျမ်းမျှ အထွက်နှုန်းမှာ စပါး ၆၅ တင်း၊ ပြောင်း ၁,၀၀၀ ပိသာပိသာဖြစ်သည်။ သီးနှံများကို အဓိကအားဖြင့် ဇွန်လမှ နိုဝင်ဘာလအတွင်း စိုက်ပျိုးကြသည်။ စိုက်ပျိုးရေအတွက် ချောင်းရေကို အဓိကအသုံးပြု၍ လယ်ယာမြေ ၁၅ ဧကကို ရေပေးဝေနိုင်သော်လည်း လွန်ခဲ့သော ၁၀ နှစ်နှင့် နှိုင်းယှဉ်ပါက ရေရရှိမှု လျော့နည်းလာကြောင်း သိရှိရသည်။

လယ်ယာသုံးစက်ကိရိယာများအနေဖြင့် လက်တွန်းထွန်စက် ၈ စီးကို တစ်ဦးချင်း ပိုင်ဆိုင်ထားပြီး တောင်သူ ၂၀ ဦးမှာ ၄ွားရမ်းအသုံးပြုလျက်ရှိသည်။ အခြားစက်ကိရိယာများဖြစ်သည့် အစေ့ချကိရိယာ၊ ရိတ်သိမ်းခြွေလှေ့စက်နှင့် ရေစုပ်စက်များကို ပိုင်ဆိုင်အသုံးပြုမှုမရှိသလောက်ဖြစ်သည်။ သီးနှံစိုက်ပျိုးရေးတွင် လယ်ယာမြေတိုးချဲ့နိုင်မှုမရှိခြင်း၊ စိုက်ပျိုးရေးချေးငွေနှင့် ငွေကြေးဝန်ဆောင်မှု မရရှိခြင်း၊ နည်းပညာနှင့် အုပ်ချုပ်ရေးဆိုင်ရာဝန်ဆောင်မှုများ လက်လှမ်းမမီခြင်းတို့မှာ အဓိကအခက်အခဲများဖြစ်သည်။

(ခ) မွေးမြူရေးလုပ်ငန်း

ကျေးရွာတွင် မွေးမြူရေးလုပ်ငန်းကို အိမ်ထောင်စုအချို့က လုပ်ကိုင်လျက်ရှိသည်။ နွားကို အိမ်ထောင်စု ၆ စုမှ ၁၁ ကောင်၊ ကျွဲကို အိမ်ထောင်စု ၃ စုမှ ၈ ကောင်နှင့်

ကြက်ကို အိမ်ထောင်စု ၁၀ စုမှ ၁၄၅ ကောင် မွေးမြူထားကြသည်။ အခြားတိရစ္ဆာန် မွေးမြူရေးနှင့် ငါးလုပ်ငန်းများကို လုပ်ကိုင်မှုမရှိသေးကြောင်း တွေ့ရှိရသည်။

မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စားကျက်မြေနှင့် ရေရှားပါးခြင်း၊ မျိုးကောင်းတိရစ္ဆာန်များနှင့် မွေးမြူရေးသွင်းအားစုများ အလွယ်တကူဝယ်ယူမရခြင်း၊ ချေးငွေရရှိမှုမရှိခြင်းတို့မှာ အဓိကအခက်အခဲများဖြစ်သည်။ ထို့အပြင် နည်းပညာပံ့ပိုးမှုမရရှိခြင်း၊ ထုတ်ကုန်များကို ဈေးနှုန်းမှန်ကန်စွာ ရောင်းချရန်အခက်အခဲရှိခြင်းနှင့် အိမ်ခြံဝင်းအတွင်း မွေးမြူရေးအတွက် နေရာလုံလောက်မှုမရှိခြင်းတို့လည်း ရှိနေသည်။ ထို့ကြောင့် မွေးမြူရေးလုပ်ငန်းများ ရေရှည်ဖွံ့ဖြိုးစေရန် ချေးငွေ၊ သွင်းအားစု၊ နည်းပညာနှင့် ဈေးကွက်ချိတ်ဆက်မှုတို့ကို ပံ့ပိုးပေးရန် လိုအပ်ပါသည်။

(ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ

ကျေးရွာတွင် လယ်ယာလုပ်သား၊ ဆောက်လုပ်ရေးလုပ်သားနှင့် လက်လီလက်ကား ရောင်းဝယ်ရေးလုပ်ငန်းများကဲ့သို့သော အခြားဝင်ငွေရလုပ်ငန်းများကိုလည်း လုပ်ကိုင်ကြသည်။ သို့သော် စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများတွင် လုပ်သားအင်အားရှားပါးခြင်း၊ ဈေးကွက်အားနည်းခြင်း၊ ဈေးကွက်ဆိုင်ရာအသိပညာနည်းပါးခြင်းနှင့် လမ်းပန်းဆက်သွယ်ရေးခက်ခဲခြင်းတို့ကြောင့် လုပ်ငန်းများတိုးချဲ့ရန် အခက်အခဲရှိနေသည်။ ထို့အပြင် လျှပ်စစ်မီးမရရှိခြင်း၊ ချေးငွေနှင့် နည်းပညာပံ့ပိုးမှုမရရှိခြင်း၊ ကျွမ်းကျင်မှုနှင့် အလုပ်အကိုင်အခွင့်အလမ်းနည်းပါးခြင်းတို့လည်း တွေ့ရှိရသည်။ ထို့ကြောင့် အသက်မွေးဝမ်းကျောင်းပညာသင်တန်းများ ဖွင့်လှစ်ပေးခြင်းနှင့် အသေးစားစီးပွားရေးလုပ်ငန်းများအတွက် နည်းပညာ၊ ငွေကြေးပံ့ပိုးမှုများ ဆောင်ရွက်ပေးရန် လိုအပ်ပါသည်။

(ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

လေ့လာတွေ့ရှိချက်အရ ကျေးရွာတွင် ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်းဝန်ဆောင်မှု လက်လှမ်းမီမှု မရှိပါ။ထိုအခြေအနေသည် တောင်သူများ၊ မွေးမြူရေးလုပ်ကိုင်သူများ နှင့် အသေးစားစီးပွားရေးလုပ်ငန်းများအတွက် လုပ်ငန်းအရင်းအနှီးရရှိရေးကို အခက်အခဲဖြစ်စေနိုင်သည်။ ထို့ကြောင့် သင့်လျော်သော ချေးငွေဝန်ဆောင်မှု၊ ငွေစုစနစ်နှင့် ငွေကြေးအသိပညာပေး လုပ်ငန်းများကို သက်ဆိုင်ရာဘဏ်နှင့် ငွေကြေးအဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက် သင့်သည်။

၆။ အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ

(က) ကျေးလက် သယ်ယူပို့ဆောင်ရေး

ကုံးမုံးကျေးရွာအတွင်းရှိ လမ်းအများစုမှာ မြေသားလမ်းများဖြစ်ပြီး လမ်းပန်းဆက်သွယ်ရေးခက်ခဲသဖြင့် ပွင့်လင်းရာသီတွင်သာ အဆင်ပြေစွာအသုံးပြုနိုင်သည်။ ကျေးရွာတွင် သစ်

သားတံတားတစ်စင်းရှိပြီး ရေကြောင်းသယ်ယူပို့ဆောင်ရေးကို အသုံးပြုခြင်းမရှိဘဲ ကုန်းလမ်းဖြင့်သာ သွားလာကြသည်။ သယ်ယူပို့ဆောင်ရေးယာဉ်များအနေဖြင့် မော်တော်ဆိုင်ကယ် ၃၂ စီး၊ ထော်လာကျီ ၂ စီးနှင့် ကား ၁ စီးရှိကြောင်း အိမ်ထောင်စုစာရင်းတွင် ဖော်ပြထားသည်။ လမ်းပန်းဆက်သွယ်ရေးခက်ခဲခြင်းကြောင့် မိုးရာသီတွင် သီးနှံများသယ်ယူပို့ဆောင်ရန် အခက်အခဲရှိသဖြင့် ကျေးရွာတွင်းလမ်းပြုပြင်ခြင်းနှင့် ကုန်ထုတ်လမ်းတည်ဆောက်ခြင်းတို့ကို လိုအပ်သောလုပ်ငန်းများအဖြစ် သတ်မှတ်ထားသည်။

(ခ) လျှပ်စစ်စွမ်းအားဆိုင်ရာ အခြေခံအဆောက်အဦး

ကုံးမုံးကျေးရွာသည် မဟာဓာတ်အားလိုင်းနှင့် ဝေးကွာနေသဖြင့် လျှပ်စစ်မီးရရှိမှုအားနည်းနေသည်။ ညအချိန် မီးအလင်းရောင်ရရှိရန် ဆိုလာမီးအသုံးပြုသော အိမ်ထောင်စု ၄ စုသာရှိပြီး အိမ်ထောင်စု ၃၂ စုမှာ လျှပ်စစ်မီးအသုံးပြုနိုင်ခြင်းမရှိပါ။

(၈) ဆက်သွယ်ရေး၊ သတင်းနှင့် နည်းပညာဆိုင်ရာ အခြေခံအဆောက်အဦ

ကျေးရွာ၏ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာအခြေအနေမှာ အားနည်းနေသည်။ အိမ်ထောင်စုစာရင်းဇယားတွင် ဖုန်းအသုံးပြုသော အိမ်ထောင်စု ၂၀ စုရှိပြီး အင်တာနက်လိုင်းမရပါ။

၇။ ပညာရေး

ကုံးမုံးကျေးရွာ၏ ပညာရေးနှင့် စာတတ်မြောက်မှုအခြေအနေကို လေ့လာကြည့်ရာ စာမတတ်သူ ၉၄ ဦး၊ မူလတန်းအဆင့်ရှိသူ ၅၃ ဦး၊ အလယ်တန်းအဆင့်ရှိသူ ၁၃ ဦးနှင့် အထက်တန်းအဆင့်ရှိသူ ၃ ဦးရှိကြောင်း ဇယားတွင် ဖော်ပြထားသည်။ တက္ကသိုလ်/ကောလိပ်အဆင့်ရှိသူဦးရေကို ဖော်ပြထားခြင်းမရှိပါ။ ကျောင်းတက်ရောက်နေသူများအနက် မူလတန်းအဆင့်တွင် ကျောင်းသား ၁၂ ဦး၊ ကျောင်းသူ ၁၈ ဦး စုစုပေါင်း ၃၀ ဦးနှင့် အလယ်တန်းအဆင့်တွင် ကျောင်းသား ၅ ဦး၊ ကျောင်းသူ ၈ ဦး စုစုပေါင်း ၁၃ ဦးရှိသည်။

ကျေးရွာအတွင်း စာသင်ကျောင်းမရှိသဖြင့် ၇ မိုင်ခန့်ဝေးသော ဝမ်ဟွေလုံကျေးရွာရှိ မူလတန်းကျောင်းတွင် သွားရောက်ပညာသင်ကြားရသည်။ ပညာရေးအခက်အခဲများအနေဖြင့် ဆင်းရဲနွမ်းပါးသောမိသားစုများက ကျောင်းစရိတ်မတတ်နိုင်ခြင်း၊ ကျောင်းအားကစားပစ္စည်းများ လက်လှမ်းမမီခြင်း၊ မိဘဆရာအသင်း၏ အခန်းကဏ္ဍအားနည်းခြင်းနှင့် ဘေးအန္တရာယ်ကြောင့် ကျောင်းအဆောက်အဦအချို့ ပျက်စီးမှုရှိခြင်းတို့ကို တွေ့ရှိရသည်။ ထို့ကြောင့် ကလေးများ ပညာသင်ကြားခွင့် အဆင်ပြေစေရန် ကျောင်းစရိတ်အထောက်အပံ့၊ ပညာရေးဆိုင်ရာပစ္စည်းများနှင့် ကျောင်းသွားလာရေး အဆင်ပြေမှုတို့ကို အလေးထားဆောင်ရွက်ရန် လိုအပ်ပါသည်။

၈။ ကျန်းမာရေး

(က) ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာဝန်ဆောင်မှု ရရှိမှုအခြေအနေ

ကျေးရွာ၏ ကျန်းမာရေးဝန်ဆောင်မှုများအနေဖြင့် ကျေးလက်ကျန်းမာရေးဌာနသည် ၇ မိုင်ခန့်ဝေးသော ဝမ်ဟွေလုံကျေးရွာတွင် တည်ရှိပြီး တိုက်နယ်ဆေးရုံမှာ ၅ မိုင်မှ ၁၀ မိုင်အတွင်း၊ မြို့နယ်ဆေးရုံမှာ ၁၀ မိုင်အထက်တွင် တည်ရှိသည်။ ကျန်းမာရေးဌာနများတွင် အခန်းနှင့် ကုတင်လုံလောက်မှုရှိသော်လည်း ကျေးရွာအတွင်းနှင့် အနီးပတ်ဝန်းကျင်တွင် ဆေးဆိုင်မရှိခြင်းကြောင့် အခြေခံဆေးဝါးများ ဝယ်ယူရရှိရန် အခက်အခဲရှိနိုင်သည်။ ကိုယ်ဝန်ဆောင်များအား မေးခိုင်ကာကွယ်ဆေး၊ ဝက်သက်ကာကွယ်ဆေးထိုးပေးခြင်းနှင့် အာဟာရမှတ်တမ်းယူခြင်းများ ဆောင်ရွက်ပေးမှုရှိကြောင်း ဖော်ပြထားသည်။

(ခ) သောက်သုံးရေရရှိမှုနှင့် သန့်ရှင်းရေး

သောက်သုံးရေအတွက် ကျေးရွာအောက်ခြေရှိ ချောင်းရေကို အိမ်ထောင်စု ၃၆ စုက အသုံးပြုကြသည်။ သောက်သုံးရေအရည်အသွေးကို စနစ်တကျစမ်းသပ်စစ်ဆေးထားခြင်း မရှိဘဲ မိုးတွင်းနှင့် ဆောင်းတွင်းတွင်သာ အသုံးပြုနိုင်ပြီး နွေရာသီတွင် ရေထွက်နည်းပါးသည်။ သန့်ရှင်းရေးအခြေအနေအရ ရေလောင်း/ယင်လုံအိမ်သာအသုံးပြုသော အိမ်ထောင်စု ၁၄ စုနှင့် တွင်း/ဇလားအိမ်သာအသုံးပြုသော အိမ်ထောင်စု ၂၂ စုရှိသည်။ ကျေးရွာတွင် ကျန်းမာသန့်ရှင်းရေးအသိပညာ နည်းပါးကြောင်းလည်း ဖော်ပြထားသည်။ ထို့ကြောင့် သန့်ရှင်းသောသောက်သုံးရေ ရာသီမရွေးရရှိရေး၊ ရေအရည်အသွေးစစ်ဆေးရေးနှင့် တစ်ကိုယ်ရေသန့်ရှင်းရေးအသိပညာပေးလုပ်ငန်းများကို ဆောင်ရွက်ရန် လိုအပ်ပါသည်။

၉။သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်ပြုစုခြင်း

(က) ပတ်ဝန်းကျင်နှင့် သဘာဝသယံဇာတများ ထိန်းသိမ်းကာကွယ်ခြင်း

ကျေးရွာ၏ ဘေးအန္တရာယ်နှင့် ထိခိုက်လွယ်မှုဆိုင်ရာ လေ့လာချက်အရ လူကြောင့်ဖြစ်ပေါ်နိုင်သော ဘေးအန္တရာယ်များတွင် အများစုမှာ ထိခိုက်လွယ်မှုအဆင့် နိမ့်သော်လည်း သစ်တောပြုန်းတီးမှုမှာ အလယ်အလတ်အဆင့်၊ လမ်းပန်းဆက်သွယ်ရေးခက်ခဲမှုမှာ မြင့်မားသောအဆင့်ရှိကြောင်း ဖော်ပြထားသည်။ သဘာဝပတ်ဝန်းကျင်နှင့် သဘာဝရင်းမြစ်စီမံခန့်ခွဲမှုအခြေအနေတွင် ဖျက်ပိုးနှင့် ရောဂါကာကွယ်ထိန်းချုပ်မှုဆိုင်ရာ အခက်အခဲမှာ အသင့်အတင့်ရှိပြီး ရေအရင်းအမြစ်နှင့်ပတ်သက်သော အခက်အခဲမှာ နည်းပါးကြောင်း တွေ့ရှိရသည်။

(ခ) သဘာဝဘေးအန္တရာယ်များ စီမံခန့်ခွဲခြင်း

ကျေးရွာတွင် နယ်မြေလုံခြုံရေးနှင့် မီးဘေးအန္တရာယ်ကာကွယ်ရေးဆိုင်ရာ ဝန်ဆောင်မှုများကို လက်လှမ်းမီမှုမရှိကြောင်း ဖော်ပြထားသည်။ သို့သော် ကျေးရွာအတွင်း မှုခင်းဖြစ်ပွားမှု၊

လူငယ်များ၏ မူးယစ်ဆေးဝါးသုံးစွဲမှုနှင့် အကြမ်းဖက်မှုများ မရှိကြောင်း လေ့လာတွေ့ရှိချက်တွင် ရေးသားထားသည်။ ထို့ကြောင့် သဘာဝရင်းမြစ်များကို ထိန်းသိမ်းခြင်း၊ သစ်တောပြုန်းတီးမှုလျော့နည်းစေခြင်း၊ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်စေခြင်းနှင့် မီးဘေးအန္တရာယ်ကာကွယ်ရေးအစီအစဉ်များ ဆောင်ရွက်ခြင်းတို့ကို အလေးထားသင့်ပါသည်။

၁၀။ ကျား-မ ရေးရာ ကိစ္စရပ်ဆိုင်ရာ

ကုံးမုံးကျေးရွာတွင် အမျိုးသမီးဦးဆောင်သော အိမ်ထောင်စု ၃ စုရှိပြီး ကျေးရွာအတွင်းရှိ အဖွဲ့အစည်းများတွင် အမျိုးသမီးများ တက်ကြွစွာပါဝင်ပူးပေါင်းဆောင်ရွက်မှု နည်းပါးကြောင်း ဖော်ပြထားသည်။ ဖွံ့ဖြိုးရေးလုပ်ငန်းများတွင်သာ အမျိုးသမီးများ ပူးပေါင်းပါဝင်ဆောင်ရွက်မှုရှိသည်။ ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့တွင် အမျိုးသမီး ၃ ဦးနှင့် ကျေးရွာလူငယ်အဖွဲ့တွင် အမျိုးသမီး ၄ ဦး ပါဝင်နေသော်လည်း စီမံအုပ်ချုပ်မှုနှင့် ဆုံးဖြတ်ချက်ချမှတ်မှုလုပ်ငန်းများတွင် အမျိုးသမီးများ ပိုမိုပါဝင်လာရန် လိုအပ်နေသည်။

ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ စီမံကိန်းရေးဆွဲခြင်း၊ ဆုံးဖြတ်ချက်ချမှတ်ခြင်းနှင့် အကောင်အထည်ဖော်ဆောင်ရွက်ခြင်းတို့တွင် အမျိုးသမီးများ၏ ပါဝင်မှုကို မြှင့်တင်သင့်ပါသည်။ ထို့အပြင် အမျိုးသမီးများအတွက် အသက်မွေးဝမ်းကျောင်းပညာသင်တန်းများ၊ သတင်းအချက်အလက်နှင့် ငွေကြေးဝန်ဆောင်မှုများ လက်လှမ်းမီရေးကိုလည်း အလေးထားဆောင်ရွက်ရန် လိုအပ်ပါသည်။

ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ

(၁) ကျေးရွာလူမှုစီးပွားရေးအခြေအနေ

(က) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

ဇယား (၁) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

အသက်အုပ်စု		ကျား	မ	စုစုပေါင်း	မသန်စွမ်းသူ အရေအတွက်	
					ကျား	မ
၁ နှစ် အောက်	စို့အရွယ်	၀	၀	၀		
၁ နှစ်မှ ၄ နှစ်	၅ နှစ်အောက်ကလေးငယ်	၃	၅	၈		
၅ နှစ်မှ ၉ နှစ်	မူလတန်းကျောင်းသားအရွယ်	၇	၁၀	၁၇		
၁၀ နှစ်မှ ၁၄ နှစ်	အလယ်တန်းကျောင်းသားအရွယ်	၁၀	၁၅	၂၅		
၁၅ နှစ်မှ ၆၄ နှစ်	အလုပ်လုပ်နိုင်သည့်အရွယ်	၄၇	၇၀	၁၁၇		
၆၅ နှစ် နှင့် အထက်	သက်ကြီးရွယ်ကြီး	၀	၀			
စုစုပေါင်း		၆၇	၁၀၀	၁၆၇		
စုစုပေါင်း အိမ်ထောင်စု		၃၆				

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။အသက်အုပ်စုခန့်အောက်ဆိုသည်မှာ မွေးကင်းစမှအသက် (၁) နှစ်မပြည့်မီအရွယ်၊ ၁နှစ်မှ၄နှစ်ဆိုသည်မှာ အသက် (၁) နှစ်ပြည့်အရွယ်မှ (၅) နှစ်မပြည့်မီအရွယ်၊ ၅နှစ်မှ၉နှစ် ဆိုသည်မှာအသက် (၅) နှစ်ပြည့်သည်မှအသက် (၁၀)နှစ်မပြည့်မီအရွယ်၊ ၁၀နှစ်မှ၁၄နှစ်ဆိုသည် မှာအသက် (၁၀) နှစ်ပြည့်သည်မှအသက် (၁၅) နှစ်မပြည့်မီအရွယ်၊ ၁၅နှစ်မှ၆၄နှစ်ဆိုသည်မှာ အသက်(၁၅)နှစ်ပြည့်သည်မှ အသက် (၆၅) နှစ်မပြည့်မီအရွယ်၊ အသက်၆၅နှစ်နှင့် အထက်ဆိုသည်မှာ အသက် (၆၅) နှစ်ပြည့်အရွယ်နှင့်၎င်းထက်အသက်ကြီးသည့်အရွယ်များကို ဆိုလိုသည်။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် စုစုပေါင်းလူဦးရေ ၁၆၇ ဦးရှိပြီး ကျား ၆၇ ဦး၊ မ ၁၀၀ ဦးဖြစ်ကာ အမျိုးသမီးဦးရေသည် အမျိုးသားဦးရေထက် ပိုမိုများပြားသည်။ အလုပ်လုပ်နိုင်သည့် အသက်အရွယ် (၁၅ နှစ်မှ ၆၄ နှစ်) လူဦးရေမှာ ၁၁၇ ဦးရှိသဖြင့် ကျေးရွာ၏ လုပ်သားအင်အားအများစုရှိသည်။

(ခ) အလုပ်လုပ်နိုင်သူအင်အား

(ခ-၁) လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်းအမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်းအမျိုးအစား

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်					အဓိက ဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရ လုပ်ငန်းအဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီးမှန်ရာ တစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင်လုပ်အား	အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု	ဦးရေ			
					ကျား	မ		
စိုက်ပျိုးစီးပွား လုပ်ငန်းများ								
၁	လယ်ယာစိုက်ပျိုးရေး							
	ကိုယ်ပိုင်လုပ်ငန်း	၃၆	၈၁	၃	၂	၄		မြင့် ☑ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း						၂၀	မြင့် ☐ လတ်☑ နိမ့် ☐
၂	တိရစ္ဆာန် မွေးမြူရေး							
	ကိုယ်ပိုင်လုပ်ငန်း						၆	မြင့် ☐ လတ်☐ နိမ့်☑
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၃	ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊ မွေးမြူခြင်း)							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၄	သစ်တောလုပ်ငန်း							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်					အဓိက ဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရ လုပ်ငန်းအဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီးမှန်ရာ တစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင်လုပ်အား	အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု	ဦးရေ			
					ကျား	မ		
စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ								
၅	သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၆	ထုတ်ကုန်လုပ်ငန်း							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၇	လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၈	ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း						၂	မြင့် ☐ လတ်☐ နိမ့် ☑

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်					အဓိက ဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရ လုပ်ငန်းအဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီးမှန်ရာ တစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင်လုပ်အား	အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု	ဦးရေ			
					ကျား	မ		
၉	ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၁၀	ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၁၁	လက်လီ- လက်ကား ရောင်းဝယ်ရေး							
	ကိုယ်ပိုင်လုပ်ငန်း						၁	မြင့် ☑ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐နိမ့် ☐
၁၂	ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်					အဓိက ဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရ လုပ်ငန်းအဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီးမှန်ရာ တစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင်လုပ်အား	အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု	ဦးရေ			
					ကျား	မ		
၁၃	ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် □ လတ်□ နိမ့် □
	အလုပ်သမား / ဝန်ထမ်း							မြင့် □ လတ်□ နိမ့် □
၁၄	ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် □ လတ်□ နိမ့် □
	အလုပ်သမား / ဝန်ထမ်း							မြင့် □ လတ်□ နိမ့် □
၁၅	အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် □ လတ်□ နိမ့် □
	အလုပ်သမား / ဝန်ထမ်း							မြင့် □ လတ်□ နိမ့် □
၁၆	ပြည်သူဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ကာကွယ်ရေးနှင့်ဘေးကင်းလုံခြုံရေး)							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် □ လတ်□ နိမ့် □
	အလုပ်သမား / ဝန်ထမ်း							မြင့် □ လတ်□ နိမ့် □

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်					အဓိက ဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရ လုပ်ငန်းအဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီးမှန်ရာ တစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင်လုပ်အား	အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု	ဦးရေ			
					ကျား	မ		
၁၇	**ပညာရေး**							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၁၈	**ကျန်းမာရေး**							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၁၉	**လူမှုရေး လုပ်ငန်းများ**							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၂၀	**အိမ်များတွင် အင်္ဂါးလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ**							
	ကိုယ်ပိုင်လုပ်ငန်း							☒
	အလုပ်သမား / ကျပန်း / ရာသီအလိုက်							

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်					အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ် သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီးမှန်ရာ တစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင်လုပ်အား	အမျိုးသမီး ဦးဆောင် သည့်အိမ်ထောင်စု	ဦးရေ			
					ကျား	မ		
	အလုပ်သမား							
၂	ပြင်ပအဖွဲ့အစည်းများနှင့်ကုမ္ပဏီများတွင်လုပ်ကိုင်သူများ							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် □ လတ်□ နိမ့် □
	အလုပ်သမား / ဝန်ထမ်း							မြင့် □ လတ်□ နိမ့် □
	စုစုပေါင်း	၃၆	၈၁	၃	၂	၄	၂၉	☒

မှတ်ချက်။။။“**အခြားဝင်ငွေရလုပ်ငန်းအဖြစ် လုပ်ကိုင်သူများ**”အရေအတွက်တွင်“**မိသားစုဝင်လုပ်အား**”**ထပ်မံထည့်သွင်း**ကောက်ယူခြင်း မပြုရပါ။ “**ရပ်တည်နိုင်မှု (နိမ့်၊လတ်၊မြင့်)**” ဆိုသည်မှာဖော်ပြပါလုပ်ငန်းတစ်ခုတွင်ကိုယ်ပိုင်လုပ်ငန်းလုပ်လိုသူ (သို့မဟုတ်) အလုပ်သမား/ ဝန်ထမ်းအဖြစ်လုပ်ကိုင်လိုသူများအတွက်အလုပ်အကိုင်အခွင့်အလမ်းရရှိနိုင်မှုအခြေအနေကိုဆိုလိုပါသည်။ဥပမာ -“**စိုက်ပျိုးရေး**” ကဏ္ဍ၏ “**ကိုယ်ပိုင်လုပ်ငန်း**”တွင်ရပ်တည်နိုင်မှု “**မြင့်**” ဆိုပါက အဆိုပါလုပ်ငန်းတွင် ကိုယ်ပိုင်လုပ်ငန်း တစ်ခုလုပ်ကိုင်ရန်အခွင့်အလမ်းများနေသည်ဟုဆိုလိုပါသည်။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် အဓိကအသက်မွေးဝမ်းကျောင်းလုပ်ငန်းမှာ လယ်ယာ စိုက်ပျိုးရေးလုပ်ငန်းဖြစ်ပြီး အိမ်ထောင်စု ၃၆ စုမှ မိသားစုဝင်လုပ်အား ၈၁ ဦး ပါဝင်လုပ်ကိုင်လျက်ရှိသည်။ အခြားဝင်ငွေရလုပ်ငန်းများအနေဖြင့် လယ်ယာလုပ်သား၊ တိရစ္ဆာန်မွေးမြူရေး၊ ဆောက်လုပ်ရေး လုပ်ငန်းနှင့် လက်လီလက်ကားရောင်းဝယ်ရေးလုပ်ငန်းများတွင်လည်း လုပ်ကိုင်ကြသည်။

(ခ-၂) လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်းထား

ဇယား (၃) လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်းထား

စဉ်	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)	
			ကျား	မ	ကျား	မ
၁	လယ်ယာစိုက်ပျိုးရေး	နေ့စား	၁၀၀၀၀	၈၀၀၀	၇၀၀၀	၅၀၀၀

စဉ်	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)	
			ကျား	မ	ကျား	မ
၂	တိရစ္ဆာန်မွေးမြူရေး	နေ့စား	-	-	-	-
၃	ငါးလုပ်ငန်း (ရေချို/ရေငန်ငါးဖမ်းခြင်း၊မွေးမြူခြင်း)	နေ့စား	-	-	-	-
၄	သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း	နေ့စား	-	-	-	-
၅	ထုတ်ကုန်လုပ်ငန်း	နေ့စား				
၆	ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း	နေ့စား	၁၅၀၀၀	၁၀၀၀၀	၁၀၀၀၀	၈၀၀၀
၇	ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်း များ ပြင်ဆင်ရေး	နေ့စား				
၈	လက်လီ-လက်ကား ရောင်းဝယ်ရေး	နေ့စား				
၉	ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်း ပေးသူ စသည်)	နေ့စား				
၁၀	ဟိုတယ်နှင့် စားသောက်ဆိုင် လုပ်ငန်း	လခ စား				

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု၊လယ်သမားအုပ်စု။

မှတ်ချက်(၁) လခစားအလုပ်သမားများ၏တစ်ရက်ဝင်ငွေ = (လစာ÷၂၂.၇၅)

(၂) နာရီတွက်ဖြင့်ရသောအလုပ်သမားများ၏တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ×၈)

လေ့လာတွေ့ရှိချက်။ ။ နေ့စားလုပ်အားခ နှုန်းထားများ ကွာခြားလျက်ရှိပြီး အဓိကအားဖြင့် လယ်ယာစိုက်ပျိုးရေးနှင့် ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်းတို့တွင် လုပ်အားခတွင်ကွာဟပါသည်။

(ဂ) သဘာဝရင်းမြစ်များ

(ဂ-၁) စိုက်ပျိုးနိုင်သောမြေဧရိယာ

ဇယား (၄) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာအရည်အသွေး(မှန်ရာတစ်ခုကိုသာရွေးရန်)		
လယ်မြေ	၁၅	ကောင်း ☐	သင့်☑	ညံ့ ☐
ယာမြေ / တောင်ယာမြေ	၁၂၈	ကောင်း ☐	သင့်☑	ညံ့ ☐
ဥယျာဉ်ခြံမြေ		ကောင်း ☐	သင့်☐	ညံ့ ☐

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာအရည်အသွေး(မှန်ရာတစ်ခုကိုသာရွေးရန်)		
ကိုင်း/ကျွန်းမြေ(ကျွန်းမျှော)		ကောင်း ☐	သင့်☐	ညံ့ ☐
ခနိတောမြေ		ကောင်း ☐	သင့်☐	ညံ့ ☐
စားကျက်မြေ		ကောင်း ☐	သင့်☐	ညံ့ ☐
မြေလွတ်မြေလပ်		ကောင်း ☐	သင့်☐	ညံ့ ☐
စုစုပေါင်း	၁၄၂	☒		

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ စိုက်ပျိုးနိုင်သောမြေဧရိယာ စုစုပေါင်း ၁၄၂ ဧကရှိပြီး ယာမြေ/တောင်ယာမြေ ၁၂၈ ဧကနှင့် လယ်မြေ ၁၅ ဧက ပါဝင်သည်။ စိုက်ပျိုးမြေအများစုမှာ ယာမြေ/တောင်ယာမြေဖြစ်ပြီး မြေဆီလွှာအရည်အသွေးမှာ သင့်တင့်သောအခြေအနေရှိသည်။

(ဂ-၂) ဓာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ

အမျိုးအစား	ကျေးရွာနှင့်အနီးပတ်ဝန်းကျင်တွင်သဘာဝအတိုင်းတွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)	အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)	လွန်ခဲ့သော(၁၀)နှစ်ကအခြေအနေ(မှန်ရာတစ်ခုကိုသာရွေးရန်)
သတ္တုနှင့်အခြားတွင်းထွက်သယံဇာတများ (ဓာတ်ငွေ့၊ရေနံ၊ကျောက်မျက်စသည်။)	များ ☐ သင့်☐ နည်း ☐ မရှိ ☑	လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☐	လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☐
ကျောက်၊သဲ၊ကျောက်စရစ်စသည်များ	များ ☐ သင့်☐ နည်း ☐မရှိ ☑	လွယ် ☐ ခက်☐အသုံးမပြုနိုင်ပါ ☐	လျော့ ☐ တိုး ☐အပြောင်းအလဲမရှိ ☐
သဘာဝအပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင် များ)	များ ☐ သင့်☐ နည်း ☑မရှိ ☐	လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☑	လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☑
သဘာဝတိရစ္ဆာန်မျိုးစိ	များ ☐ သင့်☐ နည်း	☒	လျော့ ☐ တိုး ☐

အမျိုးအစား	ကျေးရွာနှင့်အနီးပတ်ဝန်း ကျင်တွင်သဘာဝအတိုင်းတွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)	အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)	လွန်ခဲ့သော(၁၀)နှစ်ကအခြေအနေ(မှန်ရာတစ်ခုကိုသာရွေးရန်)
တံမျှား	☐မရှိ ☑		အပြောင်းအလဲမရှိ ☐
ရေ - မြေပေါ်ရေ (အင်း၊အိုင်၊ကန်၊ချောင်း၊မြစ်၊စိမ့်စမ်း)	များ ☐ သင့်☑ နည်း ☐ မရှိ ☐	လွယ် ☑ ခက်☐ အသုံးမပြုနိုင်ပါ ☐	လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☑
ရေ - မြေအောက်ရေ (တွင်းတိမ်၊တွင်းနက်၊လက်တူးတွင်း)	များ ☐ သင့်☐ နည်း ☐ မရှိ ☑	လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☐	လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☐
သစ်တော - အပူပိုင်းသစ်တော	များ ☐ သင့်☐ နည်း ☐ မရှိ ☑	လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☐	လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☐
သစ်တော - ဒီရေတောများ	များ ☐ သင့်☐ နည်း ☐ မရှိ ☑	လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☐	လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☐

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း -
ရပ်မိရပ်ဖအုပ်စု၊သစ်တောဦးစီးဌာန၊အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန။
လေ့လာတွေ့ရှိချက်။ ။ ကျေးရွာ၏ ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များမှာ သတ္တုနှင့်တွင်းထွက်သယံဇာတများ၊ ကျောက်၊ သဲ၊ ကျောက်စရစ်၊ သဘာဝတိရစ္ဆာန်မျိုးစိတ်များ၊ မြေအောက်ရေနှင့် သစ်တောသယံဇာတများကို သဘာဝအတိုင်း တွေ့ရှိနိုင်ခြင်းမရှိကြောင်း သိရှိရသည်။ သဘာဝအပင်မျိုးစိတ်များမှာ အနည်းငယ်သာရှိပြီး အသုံးချနိုင်မှုလည်း မရှိသလောက်ဖြစ်သည်။ သို့သော် မြေပေါ်ရေအရင်းအမြစ်များကို သင့်တင့်စွာ ရရှိနိုင်ပြီး အလွယ်တကူ အသုံးချနိုင်သည့်အပြင် လွန်ခဲ့သော (၁၀) နှစ်နှင့် နှိုင်းယှဉ်ပါက သိသာသော ပြောင်းလဲမှုမရှိကြောင်း တွေ့ရှိရသည်။ ထို့ကြောင့် ကျေးရွာတွင် သဘာဝရင်းမြစ်အမျိုးအစားများ အကန့်အသတ်ရှိသော်လည်း ရရှိနိုင်သော မြေပေါ်ရေအရင်းအမြစ်များကို စနစ်တကျ ထိန်းသိမ်းအသုံးချခြင်းသည် ကျေးရွာ၏ စိုက်ပျိုးရေးနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးပါကြောင်း လေ့လာတွေ့ရှိရသည်။

(ဃ) ဥစ္စာဓနအဆင့်အခြေအနေ
ဇယား (၆) ဥစ္စာဓနအဆင့်အခြေအနေ

အကြောင်းအရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ် ရှိသောအိမ်ထောင်စု	မပြေလည်သော အိမ်ထောင်စု	အလွန်မပြေလည်သောအိမ်ထောင်စု
မြေယာပိုင်ဆိုင်မှု	များ	အသင့်အတင့်	နည်း	အလွန်နည်း (သို့) မရှိ
အိမ်အခြေအနေ	အလွန်ကောင်း	အသင့်အတင့်ကောင်း	ညံ့	အလွန်ညံ့
ကုန်ထုတ်လုပ်မှုနှင့်ဆိုင်သောပိုင်ဆိုင်မှု	များ	အသင့်အတင့်	နည်း	မရှိ
အဓိကစီးပွားရေးလုပ်ငန်း	စီးပွား (ဝင်ငွေ) အလွန်ကောင်း	စီးပွား (ဝင်ငွေ) အသင့်အတင့်	စီးပွား (ဝင်ငွေ) နည်း	စီးပွား (ဝင်ငွေ) အလွန်နည်း
အိမ်ထောင်စု	၄	၇	၂၃	၂

ရင်းမြစ် ... (၁) ကျေးရွာလုံးကျွတ်အစည်းအဝေးပြုလုပ်ခြင်း။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် အိမ်ထောင်စုစုစုပေါင်း ၃၆ စုရှိပြီး ဥစ္စာဓနအဆင့်အလိုက် အဆင်ပြေသောအိမ်ထောင်စု ၄ စု၊ အလယ်အလတ်ရှိသောအိမ်ထောင်စု ၇ စု၊ မပြေ လည်သော အိမ်ထောင်စု ၂၃ စုနှင့် အလွန်မပြေလည်သောအိမ်ထောင်စု ၂ စု ရှိသည်။ အိမ်ထောင်စုအများစုမှာ မပြေလည်သောအဆင့်တွင် ရှိနေသဖြင့် ကျေးရွာ၏ စီးပွားရေးအခြေအနေမှာ အားနည်းနေကြောင်း တွေ့ရှိရသည်။

(c) ထိခိုက်လွယ်မှု

(c-၁) ဝမ်းစာဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲတစ်နေ့လျှင်အနည်းဆုံးနှစ်နပ်စားနိုင်သည့်အိမ်ထောင်စုများ (ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏၃၀ရာခိုင်နှုန်းစီ)

အချိန်ကာလ	အိမ်ထောင်စုအရေအတွက်	အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စုအရေအတွက်	ဖြေရှင်းသည့်နည်းဗျူဟာ(ဖြေရှင်းနည်းတစ်ခုစီအလိုက်အိမ်ထောင်စုအရေအတွက်များကိုဖော်ပြရန်)

အချိန်ကာလ	အိမ်ထောင်စုအရေအတွက်	အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စုအရေအတွက်	ဖြေရှင်းသည့်နည်းဗျူဟာ(ဖြေရှင်းနည်းတစ်ခုစီအလိုက်အိမ်ထောင်စုအရေအတွက်များကိုဖော်ပြရန်)
၃လအောက်ဝမ်း စာဖူလုံမှု			အခြားအစာပြောင်းလဲစား = ၀ အစာလျှော့စား = ၀ အထောက်အပံ့ယူ = ၀ ချေးယူ = ၀ လုပ်အားခကြိုယူ = ၀
၃လနှင့်၆လ ကြားဝမ်းစာဖူ လုံမှု			အခြားအစာပြောင်းလဲစား = ၀ အစာလျှော့စား = ၀ အထောက်အပံ့ယူ = ၀ ချေးယူ = ၀ လုပ်အားခကြိုယူ = ၀
၆လမှ၁၂လအထိ ဝမ်းစာဖူလုံမှု	၈		အခြားအစာပြောင်းလဲစား = ၀ အစာလျှော့စား = ၀ အထောက်အပံ့ယူ = ၀ ချေးယူ = ၀ လုပ်အားခကြိုယူ = ၈

ရင်းမြစ်..ဥစ္စာဓနအဆင့် “၃” နှင့် “၄” အိမ်ထောင်စုပေါင်း၏၃၀ရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်း။

လေ့လာတွေ့ရှိချက်။ ကျေးရွာရှိ အချို့အိမ်ထောင်စုများသည် အခြေခံစား၀တ်နေရေးအတွက် အလုပ်အကိုင်နှင့် လုပ်အားခ၀င်ငွေအပေါ် မှီခိုနေရသဖြင့် ၀င်ငွေမတည်ငြိမ်ပါက ဝမ်းစာဖူလုံမှု ထိခိုက်နိုင်သည့် အခြေအနေရှိကြောင်း သုံးသပ်တွေ့ရှိရသည်။

(c-၂) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သောအုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

ဇယား (၈) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သောအုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

အကြောင်းအရာ	ကျား	မ	ပေါင်း
မိသားစုစောင့်ရှောက်မှုမရှိသောသက်ကြီးရွယ်အိုဖြင့်နှစ်နှင့်အထက်	-	-	-
မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသောမသန်စွမ်းသည့်ပုဂ္ဂိုလ်	-	-	-
	အိမ်ထောင်စုအရေအတွက်		
ဆင်းရဲ၍မိသားစုဦးရေများသည့်အမျိုးသမီးဦးဆောင်အိမ်ထောင်စု	-		

အကြောင်းအရာ	ကျား	မ	ပေါင်း
ဆင်းရဲ၍မိသားစုဦးရေများသည့်မုဆိုးဖို/ တစ်ခုလပ်အိမ်ထောင်စု	-		
အခြားဒေသသို့ကြာမြင့်စွာသွားရောက်နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့်အိမ်ထောင်စု	-		

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် ကူညီစောင့်ရှောက်မှု အထူးလိုအပ်သောသက်ကြီးရွယ်အိုများ မသန်စွမ်းပုဂ္ဂိုလ်များ နည်းပါးပြီး သက်ဆိုင်ရာမိသားစုများမှ တာဝန်ယူသည်ကိုတွေ့ရပါသည်။

(ဇ-၃) ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှုအခြေအနေ

ဇယား (၉) ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှုအခြေအနေနှင့်ဘေးအန္တရာယ်လျော့ချရေး အစီအမံများ

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား	ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်)			စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့်လိုက်လျောညီထွေဖြစ်စေမည့်အစီအမံများ)		
	သဘာဝဘေးအန္တရာယ်များ	နိမ့်	လတ်	မြင့်	နိမ့်	လတ်	မြင့်
၁	မြစ်ရေကြီးမှု	✓			✓		
၂	လျှပ်တပြတ်ရေကြီးခြင်း	✓			✓		
၃	မုန်တိုင်းဒီရေ	✓			✓		
၄	ဆူနာမီ	✓			✓		
၅	တိုင်ဖုန်းမုန်တိုင်း	✓			✓		
၆	လေဆင်နာမောင်း	✓			✓		
၇	ငလျင်	✓			✓		
၈	အပူလှိုင်း	✓			✓		
၉	စိုက်ပျိုးမြေများတွင်ရေငံဝင်ရောက်မှု	✓			✓		
၁၀	အအေးလှိုင်း	✓			✓		
၁၁	မိုးသီးကြွေကျမှု	✓			✓		
၁၂	မိုးခေါင်ခြင်း	✓			✓		
၁၃	တောမီးလောင်ခြင်း	✓			✓		
၁၄	မြစ်ကမ်းပါးပြိုခြင်း	✓			✓		
၁၅	ကမ်းရိုးတန်းတိုက်စားမှု	✓			✓		

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား	ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်)			စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့်လိုက်လျောညီထွေဖြစ်စေမည့်အစီအမံများ)		
၁၆	မြေပြိုခြင်း	✓			✓		
	လူကြောင့်ဖြစ်တဲ့ဘေးအန္တရာယ်များ	နိမ့်	လတ်	မြင့်	နိမ့်	လတ်	မြင့်
၁၇	စားနပ်ရိက္ခာမဖူလုံမှု	✓			✓		
၁၈	သဘာဝအရင်းအမြစ်ရှားပါးမှု (မြေ၊ရေ)	✓			✓		
၁၉	မြေပြိုခြင်း၊မြေဆီလွှာပျက်စီးခြင်း	✓			✓		
၂၀	သစ်တောပြုန်းတီးခြင်း		✓		✓		
၂၁	ငှက်ဖျားရောဂါ	✓			✓		
၂၂	တီဘီရောဂါ	✓			✓		
၂၃	ကိုယ်ခံအားကျဆင်းမှုရောဂါ	✓			✓		
၂၄	ကပ်ရောဂါ	✓			✓		
၂၅	ပြည်တွင်းပဋိပက္ခ	✓			✓		
၂၆	တိရစ္ဆာန်ကူးစက်ရောဂါကျရောက်မှု	✓			✓		
၂၇	လူကုန်ကူးခြင်း	✓			✓		
၂၈	ဝေးလံခေါင်သီ/လမ်းပန်းဆက်သွယ် ရေးခက်ခဲခြင်းစသည်			✓		✓	

ရင်းမြစ် … ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု၊လူငယ်အုပ်စု။ မှတ်ချက်။ ။ ထိခိုက်သက်ရောက်လွယ်မှုဆိုရာ၌ ကျေးရွာတွင်စားနပ်ရိက္ခာမဖူလုံခြင်း၊ ရေကြီးခြင်း၊မိုးခေါင်ခြင်း စသည့် အခြေအနေများဖြစ်ပေါ်ခြင်းရှိပါက ယင်းဖြစ်စဉ်များအတွက် ကျေးရွာသူရွာသားများ ထိခိုက်သက်ရောက်မှု ရှိနိုင်ပါသလား။ ထိခိုက်မှုရှိပါက ကျေးရွာ၏မည်သို့သော အိမ်ထောင်စုများနှင့် အိမ်ထောင်စုမည်မျှ ထိခိုက်သက် ရောက်မှု ခံစားကြရပါသလဲ။ (ဥပမာ။ ။ အိမ်ထောင်စု၁၀၀တွင် ၂၅အိမ်ထောင်စုအောက် – နိမ့်အိမ်ထောင်စု ၁၀၀ တွင် ၂၅မှ၅၀အိမ်ထောင်စု – လတ်၊ အိမ်ထောင်စု၁၀၀တွင်၅၀အိမ်ထောင်စုအထက် – မြင့်)

လေ့လာတွေ့ရှိချက်။ ။ လူကြောင့်ဖြစ်ပေါ်နိုင်သော ဘေးအန္တရာယ်များတွင်လည်း အများစုမှာ ထိခိုက်လွယ်မှုအဆင့် နိမ့်သော်လည်း သစ်တောပြုန်းတီးမှုမှာ အလယ်အလတ်အဆင့်၊ လမ်းပန်းဆက်သွယ်ရေးခက်ခဲမှုမှာ မြင့်မားသောအဆင့်ရှိကြောင်း တွေ့ရှိရသည်။

(၄-၄) ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ

ဇယား (၁၀) ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား	ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာ ရွေးရန်)			စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့်လိုက်လျောညီထွေဖြစ်စေမည့်အစီအမံများ)		
	သဘာဝဘေးအန္တရာယ်များ	နိမ့်	လတ်	မြင့်	နိမ့်	လတ်	မြင့်
၁	လူငယ်	✓			✓		
၂	အမျိုးသမီးဦးဆောင်သည့်ဆင်းရဲသည့် အိမ်ထောင်စု		✓		✓		
၃	ဆင်းရဲသားတောင်သူ		✓		✓		
၄	သဘာဝဘေးဒဏ်ဆိုးရွားစွာကျရောက်နိုင်သောအိမ်ထောင်စု/ကူးစက်ရောဂါထူပြောသောဒေသတွင်နေထိုင်သူ	✓			✓		
၅	ပင်လယ်/မြစ်ကမ်းဘေးနေထိုင်သူများ	✓			✓		
၆	မတော်တဆမှုဖြစ်နိုင်ချေများသောနေရာတွင်နေထိုင်သူများ	✓			✓		
၇	ပြည်တွင်းနေရပ်စွန့်ခွါရွှေ့ပြောင်းခံရသူများ (IDP)	✓			✓		
၈	မြေနိမ့်ပိုင်းနေထိုင်သူများ	✓			✓		
၉	ငါးကန်ပိုင်ရှင်များ	✓			✓		
၁၀	လက်လုပ်လက်စားများ၊ကျပန်းများ		✓		✓		
၁၁	လူနည်းစုလူမျိုးများ	✓			✓		
၁၂	ဒေသတွင်းပဋိပက္ခဧရိယာတွင်နေထိုင်သူများ	✓			✓		
၁၃	နယ်စပ်ဒေသတွင်နေထိုင်သူများ	✓			✓		
၁၄	ရွှေတွင်းလုပ်သားများ	✓			✓		
၁၅	လှည့်လည်သွားလာ၍စျေးရောင်းသူများ	✓			✓		
၁၆	နေရပ်ပြန်အခြေချသူများ	✓			✓		

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား	ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာ ရွေးရန်)			စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့်လိုက် လျောညီထွေဖြစ်စေမည့်အစီအမံများ)		
	သဘာဝဘေးအန္တရာယ်များ	နိမ့်	လတ်	မြင့်	နိမ့်	လတ်	မြင့်
၁၇	ရွှေ့ပြောင်းလုပ်သားများ	✓			✓		
၁၈	ကားမောင်းပြီးအသက်မွေးသူများ	✓			✓		

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု။
မှတ်ချက်။ ။ကျေးရွာရှိလူငယ်များ၊ အမျိုးသမီးဦးဆောင်သော အိမ်ထောင်စုများစသည်တို့သည် မည်သို့သော အခြေအနေများတွင် လွယ်လွယ်ကူကူထိခိုက်သက်ရောက်မှုရှိနိုင်ပါသလား။ ထိခိုက်မှုရှိပါကမည်မျှအထိ ထိခိုက်ကြ ပါသနည်း။

လေ့လာတွေ့ရှိချက်။ အမျိုးသမီးဦးဆောင်သည့် ဆင်းရဲသောအိမ်ထောင်စုများ၊ ဆင်းရဲသားတောင်သူများနှင့် လက်လုပ်လက်စား၊ ကျပန်းလုပ်သားများမှာ ထိခိုက်လွယ်မှုအဆင့် အလယ်အလတ်ရှိကြောင်း တွေ့ရသည်။ အဆိုပါအုပ်စုများသည် ဝင်ငွေနည်းပါးခြင်း၊ အလုပ်အကိုင်မတည်ငြိမ်ခြင်းနှင့် စီးပွားရေးအရင်းအနှီးနည်းပါးခြင်းတို့ကြောင့် သဘာဝဘေးအန္တရာယ်နှင့် စီးပွားရေးအခက်အခဲများကြုံတွေ့လာပါက ပိုမိုထိခိုက်နိုင်သည့် အခြေအနေရှိသည်။

(၂) ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေ
(က) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများအခြေအနေ
(က-၁) ကျေးရွာတွင်းရှိလူထုအခြေပြုအဖွဲ့အစည်းများ
ဇယား (၁၁) ကျေးရွာတွင်းရှိလူထုအခြေပြုအဖွဲ့အစည်းများ

စဉ်	အဖွဲ့အစည်းအမည်	အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု(မှန်ရာတစ်ခုကိုသာရွေးရန်)
			ကျား	မ	ပေါင်း		

စဉ်	အဖွဲ့အစည်းအမည်	အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေး ရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု(မှန်ရာတစ်ခုကိုသာရွေးရန်)
			ကျား	မ	ပေါင်း		
၁	အုပ်ချုပ်ရေး အဖွဲ့	၁☐၂☑၃☐	၅	-	၅	ပညာရေး☐ ငွေကြေး☐ ကျန်းမာရေး☐ ဘာသာရေး☑ စိုက်ပျိုးမွေးမြူရေး☑ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☑ လုံခြုံရေးနှင့်ကာကွယ်ရေး☑	ကောင်း☐ သင့်☑ ညံ့☐
၂	ဖွံ့ဖြိုးရေး	၁☐၂☑၃☐	၄	၃	၇	ပညာရေး☐ငွေကြေး☐ ကျန်းမာရေး☐ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☑ လုံခြုံရေးနှင့်ကာကွယ်ရေး☐	ကောင်း☐ သင့်☑ ညံ့☐
၃	ကျေးရွာလူငယ်	၁☐၂☐၃☑	၁၁	၄	၁၅	ပညာရေး☐ငွေကြေး☐ ကျန်းမာရေး☐ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☑ လုံခြုံရေးနှင့်ကာကွယ်ရေး☐	ကောင်း☐ သင့်☑ ညံ့☐
၄	ရပ်မိရပ်ဖအဖွဲ့	၁☐၂☑၃☐	၅	-	၅	ပညာရေး☐ငွေကြေး☐ ကျန်းမာရေး☐ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☑ လုံခြုံရေးနှင့်ကာကွယ်ရေး☑	ကောင်း☐ သင့်☑ ညံ့☐

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု။

အုပ်စုအမျိုးအစား

(၁) စီးပွားရေးအခြေခံသောအုပ်စု- လယ်သမားအဖွဲ့၊ငွေစုငွေချေးအဖွဲ့စသည့်။

(၂) လူမှုရေးအဖွဲ့ - ဥပမာ - အမျိုးသမီးအဖွဲ့၊လူငယ်အဖွဲ့၊ကိုယ်ထူကိုယ်ထအဖွဲ့။

(၃) ဘာသာရေးနှင့်ယဉ်ကျေးမှုအဖွဲ့။

လေ့လာတွေ့ရှိချက်။ အုပ်ချုပ်ရေးအဖွဲ့၊ ဖွံ့ဖြိုးရေးအဖွဲ့၊ ကျေးရွာလူငယ်အဖွဲ့နှင့် ရပ်မိရပ်ဖအဖွဲ့ စုစု

ပေါင်း လူထုအခြေပြုအဖွဲ့အစည်း ၄ ဖွဲ့ရှိပြီး အဖွဲ့ဝင်စုစုပေါင်း ၃၂ ဦး ပါဝင်ဆောင်ရွက်လျက်ရှိသည်။ အဖွဲ့အစည်းများသည် လူမှုရေး၊ သာရေးနာရေး၊ လူမှုဖွံ့ဖြိုးရေးနှင့် ကျေးရွာလုံခြုံရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ကြပြီး စွမ်းဆောင်နိုင်မှုမှာ သင့်တင့်သောအဆင့်တွင် ရှိသည်။

(က-၂) ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသောပြင်ပအဖွဲ့အစည်းများ

ဇယား (၁၂) ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသောပြင်ပအဖွဲ့အစည်းများ

စဉ်	အမည်	အဖွဲ့အစည်းအမျိုးအစား(မှန်ရာ တစ်ခုကိုသာရွေးရန်)	အဖွဲ့အစည်း၏လုပ်ငန်းတာဝန်များနှင့်အစီအစဉ်(အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်)
၁		၁□၂□၃□၄□၅□၆□၇□	ပညာရေး□ငွေကြေး□ ကျန်းမာရေး□ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး□ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး□
၂	-	၁□၂□၃□၄□၅□၆□၇□	ပညာရေး□ငွေကြေး□ ကျန်းမာရေး□ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး□ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး□

ရင်းမြစ် … ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု။

မှတ်ချက်။

(၁) ဘာသာရေးနှင့်ပတ်သက်သောအဖွဲ့အစည်း (ပြည်တွင်း/ ပြည်ပ) (ဥပမာ –ခမ္မစကူးလ်ဖောင်ဒေးရှင်း၊ Christian Aid Missions စသည်)

(၂) အစိုးရမဟုတ်သောအဖွဲ့အစည်း (ပြည်တွင်း/ပြည်ပ) (ဥပမာ – Care International, Save the Children, Gret, Pact Myanmar စသည်)

(၃) အရပ်ဘက်လူမှုအဖွဲ့အစည်း

(၄) နိုင်ငံအများ၏ရန်ပုံငွေဖြင့်ဆောင်ရွက်သောဖွံ့ဖြိုးရေးအဖွဲ့အစည်းများ (ဥပမာ-ကုလသမဂ္ဂအဖွဲ့၊ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)

(၅) နိုင်ငံတစ်ခု၏ရန်ပုံငွေဖြင့်ဖွဲ့စည်းထားသောဖွံ့ဖြိုးရေးအဖွဲ့အစည်းများ (ဥပမာ GIZ, UKAid, USAid, စသည်)

(၆) ပရဟိတအဖွဲ့ (ပြည်တွင်း/ ပြည်ပ)

(၇) ပုဂ္ဂလိကအဖွဲ့အစည်းများ

နိုင်ငံတော်မှဒေသအကျိုး၊ပြည်သူ့အကျိုးကိုထိရောက်စွာထမ်းဆောင်နိုင်စေရန်အလို့ငှာဥပဒေ၊နည်းဥပဒေ၊လမ်းညွှန်ချက်များဖြင့်ပြဋ္ဌာန်းကာဖွဲ့စည်းပေးထားနေသောအဖွဲ့အစည်း၊အသင်းအဖွဲ့များ (ဥပမာ - သမဝါယမဦးစီးဌာန၏
သမဝါယမအသင်း၊ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏မြစိမ်းရောင်စသည်) တို့ကို

ဤဇယားတွင် ထည့်သွင်းဖော်ပြခြင်းမပြုပါရန်။
လေ့လာတွေ့ရှိချက်။ ကျေးရွာပြင်ပ မှ ဖွံ့ဖြိုးရေးဆောင်ရွက်နေသာအဖွဲ့အစည်းမရှိပါ။

(ခ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(ခ-၁) သီးနှံထုတ်လုပ်ရေး

(၁) စိုက်ပျိုးမြေပိုင်ဆိုင်မှုအရွယ်အစား (မြေပိုင်ဆိုင်သည့်အိမ်ထောင်စုများ)

ဇယား (၁၃) စိုက်ပျိုးမြေပိုင်ဆိုင်မှု

စဉ်	မြေပိုင်ဆိုင်မှုအရွယ်အစား	အိမ်ထောင်စုအရေအတွက်	အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စုအရေအတွက်	ဖွံ့ဖြိုးရေးအမြင်သတ်မှတ်ချက်
၁	မြေယာမဲ့	-		မြေမဲ့ယာမဲ့
၂	၂.၅ဧကအောက်	၂၅	၃	ဆင်းရဲသားတောင်သူ
၃	၂.၅ဧကမှ၅ဧကကြား	၇		တောင်သူငယ်
၄	၅ဧကမှ၁၂.၅ဧကကြား	၂		တောင်သူလတ်
၅	၁၂.၅ဧကအထက်	၂		တောင်သူကြီး
ကျေးရွာရှိအိမ်ထောင်စုစုစုပေါင်း		၃၆	၃	

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ အိမ်ထောင်စုစုစုပေါင်း ၃၆ စုရှိပြီး စိုက်ပျိုးမြေပိုင်ဆိုင်မှုအလိုက် ၂.၅ ဧကအောက် ပိုင်ဆိုင်သူ ၂၅ စု၊ ၂.၅ ဧကမှ ၅ ဧကကြား ပိုင်ဆိုင်သူ ၇ စု၊ ၅ ဧကမှ ၁၂.၅ ဧကကြား ပိုင်ဆိုင်သူ ၂ စုနှင့် ၁၂.၅ ဧကအထက် ပိုင်ဆိုင်သူ ၂ စုရှိသည်။ အိမ်ထောင်စုအများစုမှာ စိုက်ပျိုးမြေပိုင်ဆိုင်မှုနည်းပါးသည့်အတွက် တောင်သူငယ်နှင့် ဆင်းရဲသားတောင်သူများပြားကြောင်း တွေ့ရှိရသည်။

(၂) အစိုးရနှင့်ပုဂ္ဂလိကရေအရင်းအမြစ်များမှရေသွင်းနိုင်သည့်ဧရိယာ

ဇယား (၁၄) ကျေးရွာ၏ရေအရင်းအမြစ်နှင့်ရေသွင်းဧရိယာ

စဉ်	အရင်းအမြစ်	ရေသောက် (ဧက)	ရေရရှိနိုင်မှု		
			တစ်နှစ်ပတ်လုံး/ရာသီအလိုက်(မှန်ရာတစ်ခုကိုသာရွေးရန်)	လုံလောက်မှု (ရှိ/မရှိ) (မှန်ရာတစ်ခုကိုသာရွေးရန်)	လွန်ခဲ့သော(၁၀)နှစ်ကအခြေအနေ(မှန်ရာတစ်ခုကိုသာရွေးရန်)
၁	ဆည်	-	တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐ မဖြေဆိုပါ☑	ရှိ☐မရှိ☐မဖြေဆိုပါ☑	လျော့☐တိုး☐ အပြောင်းအလဲမရှိ☐
၂	ရေလွဲဆည်	-	တစ်နှစ်ပတ်လုံး☐	ရှိ☐မရှိ☐မဖြေဆို	လျော့☐တိုး☐

စဉ်	အရင်းအမြစ်	ရေသောက် (ဧက)	ရေရရှိနိုင်မှု		
			တစ်နှစ်ပတ်လုံး/ရာသီအလိုက်(မှန်ရာတစ်ခုကိုသာရွေးရန်)	လုံလောက်မှု (ရှိ/မရှိ) (မှန်ရာတစ်ခုကိုသာရွေးရန်)	လွန်ခဲ့သော(၁၀)နှစ်ကအခြေအနေ(မှန်ရာတစ်ခုကိုသာရွေးရန်)
			ရာသီအလိုက်☐ မဖြေဆိုပါ☑	ပါ☑	အပြောင်းအလဲမရှိ☐
၃	မြစ်ရေတင်စီမံကိန်း	-	တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐ မဖြေဆိုပါ☑	ရှိ☐မရှိ☐မဖြေဆိုပါ☑	လျော့☐တိုး☐ အပြောင်းအလဲမရှိ☐
၄	ရေသွင်းမြောင်း	-	တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐ မဖြေဆိုပါ☑	ရှိ☐မရှိ☐မဖြေဆိုပါ☑	လျော့☐တိုး☐ အပြောင်းအလဲမရှိ☐
၅	အဝီစိတွင်း	-	တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐ မဖြေဆိုပါ☑	ရှိ☐မရှိ☐မဖြေဆိုပါ☑	လျော့☐တိုး☐ အပြောင်းအလဲမရှိ☐
၆	လက်ငင်ရေတွင်း	-	တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐ မဖြေဆိုပါ☑	ရှိ☐မရှိ☐မဖြေဆိုပါ☑	လျော့☐တိုး☐ အပြောင်းအလဲမရှိ☐
၇	စိမ့်စမ်းရေ	-	တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐ မဖြေဆိုပါ☑	ရှိ☐မရှိ☐မဖြေဆိုပါ☑	လျော့☐တိုး☐ အပြောင်းအလဲမရှိ☐
၈	ချောင်းရေ	၁၅	တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐ မဖြေဆိုပါ☑	ရှိ☑မရှိ☐မဖြေဆိုပါ☐	လျော့☑တိုး☐ အပြောင်းအလဲမရှိ☐

ရင်းမြစ် ... (၁) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု၊ (၂) ဆည်မြောင်းဦးစီးဌာန၊စိုက်ပျိုးရေးဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ချောင်းရေတစ်ခုတည်းကိုသာ အဓိကအသုံးပြု၍ စိုက်ပျိုးမြေ ၁၅ ဧကကို ရေပေးဝေနိုင်ကြောင်း တွေ့ရှိရသည်။ ချောင်းရေကို အသုံးပြုနိုင်သော်လည်း လွန်ခဲ့သော (၁၀) နှစ်နှင့် နှိုင်းယှဉ်ပါက ရေရရှိမှု လျော့နည်းလာကြောင်း သိရှိရသည်။

(၃) အဓိကသီးနှံများနှင့်အထွက်နှုန်း

ဇယား (၁၅) အဓိကသီးနှံများနှင့်အထွက်နှုန်း

သီးနှံ	စုစုပေါင်းစိုက်ဧက	တစ်ဧကအထွက်နှုန်း				သီးနှံစိုက်ပျိုးသည့်ကာလ		သွင်းအားစုလိုအပ်ချက် (မှန်ရာတစ်ခုကိုသာရွေးရန်)	အမြတ်ရရှိနိုင်မှု(မှန်ရာတစ်ခုကိုသာရွေးရန်)	ထိခိုက်လွယ်မှု(မှန်ရာတစ်ခုကိုသာရွေးရန်)
		ယူနစ်	အနည်းဆုံး	အများဆုံး	ပျမ်းမျှ	မှ	ထိ			
စပါး	၁၅	တင်း	၅၀	၈၀	၆၅	ဇွန်	နိုဝင်ဘာ	မြင့်□လတ်☑နိမ့်□	မြင့်□လတ်☑ နိမ့်□	မြင့်□လတ်☑ နိမ့်□
ပြောင်း	၁၂၈	ပိသာ	၈၀၀	၁၂၀၀	၁၀၀၀	ဇွန်	နိုဝင်ဘာ	မြင့်☑လတ်□နိမ့်□	မြင့်□လတ်☑ နိမ့်□	မြင့်□လတ်☑ နိမ့်□

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု။

လေ့လာတွေ့ရှိချက်။ အဓိကစိုက်ပျိုးသောသီးနှံများမှာ စပါး၊ ပြောင်းနှင့် လိမ္မော်တို့ဖြစ်သည်။ ပြောင်းစိုက်ပျိုးမှုမှာ ၁၂၈ ဧကဖြင့် အများဆုံးဖြစ်ပြီး နှင့် စပါး ၁၅ ဧက စိုက်ပျိုးကြသည်။ တစ်ဧကပျမ်းမျှအထွက်နှုန်းမှာ စပါး ၆၅ တင်း၊ ပြောင်း ၁,၀၀၀ ပိသာနှင့် လိမ္မော် ၂,၀၀၀ ပိသာ အသီးသီးရရှိသည်။ သီးနှံများကို ဇွန်လမှ နိုဝင်ဘာလအတွင်း အဓိကစိုက်ပျိုးကြပြီး သွင်းအားစုလိုအပ်ချက်၊ အမြတ်ရရှိနိုင်မှုနှင့် ထိခိုက်လွယ်မှုတို့မှာ အများအားဖြင့် အလယ်အလတ်အဆင့်တွင် ရှိသည်။

(၄) လယ်ယာသုံးစက်ကိရိယာများ

ဧယား (၁၆) ကျေးရွာ၏စိုက်ပျိုးရေးသုံးကိရိယာများပိုင်ဆိုင်မှု

စက်အမျိုးအစား	တစ်ဦးချင်းပိုင်	ရွာပိုင်	အဖွဲ့ပိုင်	ငှားရမ်းလုပ်ကိုင်နေသောတောင်သူ အရေအတွက်
ထွန်စက်		-	-	
လက်တွန်းထွန်စက်	၈	-	-	၂၀
အစေ့ချကိရိယာ	-	-	-	-
ရိတ်သိမ်းခြွေလွှဲစက်	-	-	-	
ရိတ်သိမ်းစက်	-	-	-	-
ခြွေလွှဲစက်		-	-	
ရေစုပ်စက်	-	-	-	-
ခြေနင်းရေတင်စက်	-	-	-	-

စက်အမျိုးအစား	တစ်ဦးချင်းပိုင်	ရွာပိုင်	အဖွဲ့ပိုင်	ငှားရမ်းလုပ်ကိုင်နေသောတောင်သူ အရေအတွက်
မြက်ရိတ်စက်	-	-	-	-

ရင်းမြစ်... (၁) **အိမ်ထောင်စုစာရင်းကောက်ယူမှု၊** (၂) **ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု။**
လေ့လာတွေ့ရှိချက်။ ကျေးရွာတွင် လယ်ယာသုံးစက်ကိရိယာများအနေဖြင့် လက်တွန်းထွန်စက် ၈ စီးကို တစ်ဦးချင်းပိုင်ဆိုင်ထားပြီး တောင်သူ ၂၀ ဦးမှာ ငှားရမ်းအသုံးပြုလျက်ရှိသည်။ အခြားစိုက်ပျိုးရေးသုံးစက်ကိရိယာများဖြစ်သည့် ထွန်စက်၊ အစေ့ချကိရိယာ၊ ရိတ်သိမ်းခြွေလှေ့စက်နှင့် ရေစုပ်စက်များကို ပိုင်ဆိုင်အသုံးပြုမှု မရှိသလောက်ဖြစ်သည်။

(၅) သီးနှံအထွက်နှုန်းတိုးစေရန်အတွက်အခွင့်အလမ်းများ
ဇယား (၁၇) သီးနှံအထွက်နှုန်းတိုးစေရန်အတွက်အခွင့်အလမ်းများ

အခွင့်အလမ်း	ဖော်ပြချက်/ရှင်းလင်းချက် (မှန်ရာတစ်ခုကိုသာရွေးရန်။ဇယား၁၇နှင့်၁၈ကိုချိတ်ဆက်စစ်ဆေးပြီး မှဖြေဆိုရန်။ဖြေဆိုရန်မလိုအပ်ဟုယူဆသောအချက်များရှိပါက “မဖြေဆိုပါ” ဟူသောအကွက်ကိုရွေးရန်။)
သဘာဝရေမြေရာသီဥတုအနေအထား	အလွန်ကောင်း☐ကောင်း☑ သင့်တင့်မျှတ☐ မဖြေဆိုပါ☑
လယ်ယာမြေအသုံးချနိုင်မှု	အလွန်ကောင်း☐ကောင်း☑ သင့်တင့်မျှတ☐ မဖြေဆိုပါ☑
စိုက်ပျိုးရေအရင်းအမြစ်	ပေါများ☐ အသင့်အတင့်ရှိ☑ မဖြေဆိုပါ☐
ချေးငွေနှင့်ငွေကြေးဝန်ဆောင်မှု	အလွယ်တကူရသည်☐ရသည်☐မဖြေဆိုပါ☑
သီးနှံမျိုးစေ့ရရှိနိုင်မှု	မျိုးကောင်းမျိုးသန့်များကိုလွယ်ကူစွာဝယ်ယူနိုင်သည်☐ သီးနှံမျိုးစေ့များဝယ်ယူရရှိနိုင်သည်☑ မဖြေဆိုပါ☐
သဘာဝမြေဆွေး / အော်ဂဲနစ်မြေဩဇာနှင့်အခြားအော်ဂဲနစ်သွင်းအားစုများ	လွယ်ကူစွာဝယ်ယူ/ရနိုင်သည်☐ ဝယ်ယူရနိုင်သည်☑ မဖြေဆိုပါ☐
ဓာတုပိုးသတ်ဆေး၊ဓာတ်မြေဩဇာနှင့် အခြားဓာတုဗေဒသွင်းအားစုများ	လွယ်ကူစွာဝယ်ယူ/ရနိုင်သည်☐ ဝယ်ယူရနိုင်သည်☑ မဖြေဆိုပါ☐
လုပ်သားရရှိနိုင်မှု	အလွယ်တကူရနိုင်သည်☐ရနိုင်သည်☑မဖြေဆိုပါ☐
နည်းပညာ၊အုပ်ချုပ်ရေးပိုင်းဆိုင်ရာဝန်ဆောင်မှုများ	အလွယ်တကူရနိုင်သည်☐ ရနိုင်သည်☐မဖြေဆိုပါ☑
သီးနှံဈေးကွက်နှင့်ကုန်သွယ်မှု	သီးနှံများကိုလွယ်ကူစွာနှင့်ဈေးနှုန်းမှန်ကန်စွာဖြင့်ရောင်းချနိုင်သည်☐

အခွင့်အလမ်း	**ဖော်ပြချက်/ရှင်းလင်းချက်** (မှန်ရာတစ်ခုကိုသာရွေးရန်။ဧယား၁၇နှင့်၁၈ကိုချိတ်ဆက်စစ်ဆေးပြီး မှဖြေဆိုရန်။ဖြေဆိုရန်မလိုအပ်ဟုယူဆသောအချက်များရှိပါက “မဖြေဆိုပါ” ဟူသောအကွက်ကိုရွေးရန်။)
	သီးနှံများကိုရောင်းချနိုင်သည်☑ မဖြေဆိုပါ☐
ရာသီဥတုအခြေအနေပြောင်းလဲမှု (အပူချိန်၊ မိုးရေချိန်)	**ထိခိုက်သည်☑ မထိခိုက်ပါ ☐ မဖြေဆိုပါ☐**

ရင်းမြစ် … (၁) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု၊ (၂) သက်ဆိုင်ရာမြို့နယ်အစိုးရဦးစီးဌာနများ။

လေ့လာတွေ့ရှိချက်။ သဘာဝရေမြေရာသီဥတုအခြေအနေ၊ လယ်ယာမြေအသုံးချနိုင်မှုတို့မှာ ကောင်း မွန်သည့်အဆင့်ရှိပြီး စိုက်ပျိုးရေ၊ မျိုးစေ့၊ သွင်းအားစုများနှင့် လုပ်သားများကို အသင့်အတင့် ရရှိနိုင်ကြောင်း တွေ့ရှိရသည်။ သို့သော် ချေးငွေနှင့် နည်းပညာဝန်ဆောင်မှုများ ရရှိမှုတွင် အားနည်းချက်ရှိပြီး သီးနှံများကို ဈေးနှုန်းမှန်ကန်စွာဖြင့် လွယ်ကူစွာ ရောင်းချနိုင်မှုမှာလည်း အကန့်အသတ်ရှိနေသည်။ ထို့အပြင် ရာသီဥတုပြောင်းလဲမှုကြောင့် သီးနှံစိုက်ပျိုးထုတ်လုပ်မှု ထိခိုက်နိုင်သဖြင့် စိုက်ပျိုးရေးနည်းပညာ၊ ငွေကြေးအထောက်အပံ့၊ သွင်းအားစုရရှိမှုနှင့် ဈေးကွက်ချိတ်ဆက်မှုတို့ကို မြှင့်တင်ဆောင်ရွက်ရန် လိုအပ်ကြောင်း သုံးသပ်တွေ့ရှိရသည်။

ဧယား (၁၈) သီးနှံထုတ်လုပ်မှုအတွက်ပြဿနာနှင့်အခက်အခဲများ

ပြဿနာနှင့်အခက်အခဲများ	**ဖော်ပြချက်/ရှင်းလင်းချက်** (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်။ဧယား၁၇နှင့်၁၈ကိုချိတ်ဆက်စစ်ဆေးပြီးမှဖြေဆိုရန်။ဖြေဆိုရန်မလိုအပ်ဟုယူဆသောအချက်များရှိပါက “မဖြေဆိုပါ” ဟူသောအကွက်ကိုရွေးရန်။)
သဘာဝရေမြေရာသီဥတုအနေအထား	**မြေဆီဩဇာမကောင်း☐ ရာသီဥတုမမှန်☐မဖြေဆိုပါ☑**
